ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၁၅) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၃း ၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို ၁၃း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၃း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၅.၈၁) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၃း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့(၁၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၃း၀၇။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး။ ဦးစိုးမြင့်၊ မကွေး(၆)၊ ၎င်းအတိုင်း။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ၎င်းအတိုင်း။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ၎င်းအတိုင်း။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ၎င်းအတိုင်း။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ၎င်းအတိုင်း။ ဒေါက်တာစိုင်းဆိုင်ကျော်ဆမ်၊ ရှမ်း(၆)၊ ငွေစာရင်းပူးပေါင်းကော်မတီ အစည်းအဝေး။ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ ၎င်းအတိုင်း။ ဒေါက်တာဒွေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြဦး၊ ပဲခူး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ကျန်းမာရေး။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ကျန်းမာရေး။ ဦးမန်းကံညွန့်၊ ကရင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ကျန်းမာရေး။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကျန်းမာရေး။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး။ ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူး(၁၂)၊ ၎င်းအတိုင်း။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ၎င်းအတိုင်း။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကျန်းမာရေးဆေးစစ်ရန်။ ဗိုလ်မှူးအောင်ကိုမင်း၊ တပ်မတော်၊ ကော်မတီအစည်းအဝေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကျန်းမာရေး။ ဦးလှဆွေ၊ မကွေး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစံပြည့်၊ ကချင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ကော်မတီအစည်းအဝေး။ ဗိုလ်မှူးကြီးအောင်ခင်ဇော်၊ တပ်မတော်၊ ကော်မတီ

အစည်းအဝေး။ ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး၊ တပ်မတော်၊ ကော်မတီအစည်းအဝေး။ ဦးစောအုန်း၊ မွန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ကော်မတီအစည်းအဝေး။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဗညားအောင်မိုး၊ မွန်(၇)၊ ကော်မတီအစည်းအဝေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၃း၁၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၅)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၅၂)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၃း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ထန်တလန်မြို့တွင် GSM ဖုန်းကို 2G အစား 3G ဖြင့် ပြန်လည်တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ထန်တလန်မြို့နယ်၊ ဖာရွှန်ရွာတွင် GSM Tower တည်ဆောက်မှု ပြီးစီးသွားပြီဖြစ်သဖြင့် ၂၀၁၅ ခုနှစ် မကုန်မီအသုံးပြုနိုင်ရန် လိုအပ်သောစက်တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၁၂။**

**ဥက္ကဋ္ဌ**။ ။ ယခု ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း က ချင်းပြည်နယ်၊ ထန်တလန်မြို့တွင် GSM ဖုန်းကို 2G အစား 3G ဖြင့် ပြန်လည် တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ထန်တလန်မြို့နယ်၊ ဖာရွှန်ရွာတွင် GSM Tower တည်ဆောက်မှု ပြီးစီးသွားပြီဖြစ်သဖြင့် ၂၀၁၅ ခုနှစ် မကုန်မီ အသုံးပြုနိုင်ရန် လိုအပ်သော စက် တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၃။**

**ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်တဲ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဝန်ကြီးဌာနများမှ ပြည်ထောင်စုအဆင့် လူကြီးများ၊ ကော်မရှင်အဖွဲ့ဝင် လူကြီးများအားလုံးကို မင်္ဂလာပါလို့လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ထန်ထလန်မြို့ပေါ်မှာ GSM ဆက်သွယ်ရေးစနစ်ဟာ ၂၀၁၅၊ မေလ ၁၈ ရက်နေ့တွင် စတင် အသုံးပြုခဲ့ ပါတယ်။ လက်ရှိပြည်သူများ အသုံးပြုနေတဲ့ GSM မှာ 2G Second Generation Network System ဖြစ်ကြောင်း သိရပါတယ်။ 2G Service ဖြင့် ဆက်သွယ်တဲ့အခါ ခေါ်ဆိုမှုနှေးကွေးခြင်း၊ မကြာခဏ လိုင်းကျပ်ခြင်းများ ဖြစ်တတ်သည့်အပြင် နယ်စပ်မြို့ဆိုတော့ GSM ဖုန်းသုံးစွဲသူ ဦးရေ ကလည်း များနေပါသဖြင့် အဆင်မပြေမှုများစွာ ကြုံရပါတယ်ဆိုတာ သုံးစွဲသူ ပြည်သူများထံမှ သိရှိပါ တယ်။ သုံးစွဲသူ ပြည်သူများက GSM Mobile ဖြင့် ဆက်သွယ်ရာတွင် ခေါ်ဆိုမှု ပိုမိုမြန်ဆန်လွယ်ကူစေရန် MPT ၏ မြန်နှုန်းဖြင့် 3G Third Generation Network System သုံးစွဲနိုင်ရေးကို လိုချင်ကြပါသဖြင့် 3G ဖြင့် ပြန်လည်တပ်ဆင်ပေးနိုင်ပါရန် တင်သွင်းဆွေးနွေးရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ထန်ထလန်မြို့နယ် ဖာရွှန်ရွာတွင်လည်း GSM Tower တစ်ခု တည်ဆောက်နိုင်ပြီးဖြစ်သော်လည်း လိုအပ်သောစက်ပစ္စည်းကိရိယာများ တပ်ဆင်ပေးနိုင်ခြင်း မရှိသေး ကြောင်းလေ့လာသိရှိပါသည်။

သို့ဖြစ်ပါသဖြင့် အထက်တင်ပြဆွေးနွေးချက်နဲ့ ပတ်သက်၍ မေးခွန်း(၂)ခု မေးချင်ပါတယ်။ မေးခွန်း(၁)က ထန်တလန်မြို့ပေါ်တွင် GSM ဖုန်းကို 2G အစား 3G ဖြင့် ပြန်လည်တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ။ မေးခွန်း(၂) ထန်တလန်မြို့နယ် ဖာရွှန်ရွာတွင် GSM Tower တည်ဆောက်မှုလည်း ပြီးစီးသွားပြီဖြစ်ပါသဖြင့် ၂၀၁၅ ခုနှစ်တွင် အသုံးပြုနိုင်ရန် လိုအပ်သောစက်ကိရိယာများ တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၃း၁၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၅။**

**ဦးသောင်းတင် (ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါခင်ဗျား။ ချင်းပြည်နယ်အမှတ်(၃)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း ၏ ကြယ်ပွင့်ပြ မေးခွန်းအား ကျွန်တော် ဦးသောင်းတင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ ရှင်းလင်းဖြေကြားသွားပါမယ်ခင်ဗျာ။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့မှာ 2G GSM စနစ်အပြင် 3G စနစ် တိုးချဲ့ဖို့အတွက် ဂျပန်ကုမ္ပဏီ KSGM Co.,Ltdနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ရှိပါတယ်။ အစီအစဉ်ချမှတ်ထားပြီးသားဖြစ်ပါတယ်ခင်ဗျား။

ဒုတိယမေးခွန်းဖြစ်တဲ့ ထန်တလန်မြို့နယ် ဖာရွန်ရွာမှာ GSM တာဝါတိုင် တည်ဆောက်ပြီးစီးပြီးဖြစ်သဖြင့် ၂၀၁၅ခုနှစ်တွင် ပြီးစီးနိုင်မှု ရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ကျွန်တော်တို့ တာဝါတည်ဆောက်ပြီးတဲ့အခါမှာ Transmission နှင့် Radio စက်ပစ္စည်းတပ်ဆင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်ဖို့ ကျွန်တော်တို့ စီစဉ်ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ MPTနဲ့ ပတ်သက်လို့မေးခွန်းမေးထားပေမယ့် မြန်မာနိုင်ငံမှာ မိုဘိုင်းဆက်သွယ်ရေးစနစ်က ကုမ္ပဏီ(၃)ခု ဆောင်ရွက်နေတာ ဖြစ်တဲ့အတွက်ကြောင့် ကျန်တဲ့ကုမ္ပဏီ (၂)ခုကိုလည်း ဒီချင်းပြည်နယ်မှာ ဆက်လက်ဆောင်ရွက်မယ့် အစီအစဉ်နဲ့ပတ်သက်လို့ ညှိနှိုင်းပြီးတော့ ကျွန်တော်တို့ ဆွေးနွေးခဲ့တာ ရှိပါတယ်ခင်ဗျား။ အဲဒါလေးဆက်လက်တင်ပြပါရစေခင်ဗျား။ ကျွန်တော်တို့ ဒုတိယမိုဘိုင်းအော်ပရေတာ တစ်ဦးဖြစ်တဲ့ တယ်လီနောကုမ္ပဏီကတော့ ထန်တလန်မြို့နယ်မှာ ယခုအချိန်အထိတာဝါတိုင် တည်ဆောက်ထားခြင်း မရှိသေးပါဘူးခင်ဗျား။ ၂၀၁၆ခုနှစ်အတွင်းမှာတော့ ဆောင်ရွက်သွားမယ်လို့ သိရှိရပါတယ်။ အချိန်ကာလအတိအကျတော့ မဖော်ပြသေးပါဘူးခင်ဗျာ။ တတိယမိုဘိုင်းအော်ပရေတာဖြစ်တဲ့ အော်ရီဒူးမြန်မာကတော့ ကျွန်တော်တို့ ၂၀၁၆ခုနှစ်၊ ဒုတိယ (၃)လပတ်မှာ ကျွန်တော်တို့ ထန်တလန်မြို့နယ်မှာ တာဝါတိုင်တစ်တိုင် တည်ဆောက်ပြီးတော့ 3G GSM Service ပေးဖို့ စီစဉ်ထားကြောင်းသိရှိရပါတယ်။ တာဝါတိုင်ဆောက်လုပ်ဖို့ မြေနေရာရရှိမှုနဲ့ Transmission လိုင်းများတည်ဆောက်မှု အခြေအနေပေါ်မူတည်ပြီးတော့ ဒီအချိန်ထက် ပိုမိုမြန်ဆန်နိုင်ကြောင်းလည်း သိရှိရပါတယ်ခင်ဗျား။ ကျွန်တော်တို့ မိုဘိုင်းအော်ပရေတာ(၃)ဦးလုံးကို ၎င်းတို့ရဲ့ စီမံကိန်းသတ်မှတ်ချိန်နဲ့အညီ ပြီးစီးဖို့အတွက် ဝန်ကြီးဌာနအနေနဲ့ တိုက်တွန်းကြီးကြပ်လျက်ရှိပြီးတော့ လိုအပ်တဲ့ကိစ္စများလည်း ပံ့ပိုးညှိနှိုင်းပေးလျက်ရှိပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**လသာမြို့နယ်၊ ပြည်သူပိုင်သိမ်း အမှတ်(၂)အခြေခံပညာမူလတန်းကျောင်းအဆောက်အအုံ အကျိုးတူ ဆောက်လုပ်ရာတွင် မူလအခန်းပိုင်ရှင်အား အကျိုးတူစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အခန်း ပြန်လည်ပေးအပ်ခြင်း မရှိသေးသည့်ကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို သိရှိလိုခြင်း နှင့်စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၃း၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု က လသာ မြို့နယ်၊ ပြည်သူပိုင်သိမ်း အမှတ်(၂)အခြေခံပညာ မူလတန်းကျောင်းအဆောက်အအုံ အကျိုးတူ ဆောက် လုပ်ရာတွင် မူလအခန်းပိုင်ရှင်အား အကျိုးတူစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အခန်းပြန်လည် ပေးအပ်ခြင်း မရှိသေးသည့်ကိစ္စနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို သိရှိလိုခြင်းနဲ့ စပ်လျဉ်း တဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၈။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနှင့်တကွ အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်များအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါ စေလို့ ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနု ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လသာမြို့နယ်၊ ပြည်သူပိုင်သိမ်း အမှတ်(၂)အခြေခံပညာ မူလတန်းကျောင်း အဆောက်အအုံ အကျိုးတူဆောက်လုပ်ရာမှာ မူလအခန်းပိုင်ရှင်များအား အကျိုးတူစာချုပ်ပါ စည်းကမ်း ချက်များနှင့်အညီ အခန်းပြန်လည် ပေးအပ်ခြင်းမရှိသေးသည့် ကိစ္စကိုမေးမြန်း ဖြေကြားချက်များ အပေါ်မှာ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို သိလို၍ မေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် မေးမြန်းချက်သည် အနည်းငယ်အချိန်ပိုသွားပါက ခွင့်ပြုပေးနိုင် ပါရန် ကြိုတင် ပန်ကြားအပ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ ပြည်သူပိုင်သိမ်းတဲ့ အမှတ်(၂)အခြေခံပညာ မူလတန်းကျောင်း အဆောက်အအုံ အကျိုးတူ ဆောက်လုပ်တဲ့နေရာမှာ မူလအခန်းပိုင်ရှင်တွေကို အကျိုးတူစာချုပ်ပါ စည်းကမ်းချက်နှင့်အညီ အခန်းများပြန်လည် ပေးအပ်ခြင်းမရှိသည့်ကိစ္စနှင့်စပ်လျဉ်းပြီးတော့ မိမိအနေနဲ့ ကြယ်ပွင့်ပြမေးခွန်းကို ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေးရဲ့ ပထမနေ့ဖြစ်တဲ့ ၁၉-၁-၂၀၁၅ ရက်နေ့မှာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခဲ့ရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ဖြေကြားခဲ့ပါတယ်။ ဖြေကြားချက်များနဲ့ (၂၀ )အချိုး (၈၀) ဖြင့် ချုပ်ဆိုခဲ့တဲ့ မူလစာချုပ်ပါ စည်းကမ်းချက်များအရ ဦးထွန်းခင်မိသားစုနှင့် ဦးလှဝေ မိသားစုတို့ကို ကုမ္ပဏီက ရရှိတဲ့အချိုးမှ အခန်းများပြန်လည်ပေးဖို့ ရှိတာ မှန်ကန်ပါကြောင်း၊ သို့ရာတွင် (၄၀) အချိုး (၆၀) သို့ ပြန်လည် ပြင်ဆင်ပြောင်းလဲ ချုပ်ဆိုခဲ့တဲ့အတွက် ဦးထွန်းခင်မိသားစုနှင့် ဦးလှဝေ မိသားစုကို ပြန်လည်ပေးအပ်ရန် အခန်းများ မရှိတော့ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့ပါတယ်။

မိမိအနေဖြင့် ဒုတိယဝန်ကြီး၏ ဖြေကြားချက်အပေါ် ပြန်လည်တင်ပြမေးမြန်းခဲ့တဲ့ နေရာမှာ မူလစာချုပ်ပါ စည်းကမ်းချက်များအရ ဦးထွန်းခင်မိသားစုနှင့် ဦးလှဝေမိသားစုကို ပြန်လည်

ပေးအပ်ရမည့် အခန်းတွေဟာ ကန်ထရိုက် ခံစားခွင့်ရှိတဲ့ အခန်းတွေကသာ ပြန်လည်ပေးအပ်ရမှာ ဖြစ်ပါကြောင်း၊ ယခုအခါ အဆိုပါအခန်းများကို ကန်ထရိုက်တာက သူပိုင်အခန်းများအဖြစ် သိမ်းပိုက်ကာ အငှားချထားလျက်ရှိသည်ကို အားလုံးသိရှိပြီး ဖြစ်ပါကြောင်း၊ ကန်ထရိုက်တာ၏ အလှည့်အပတ် ကတိကဝတ်ပျက်ကွက်နေမှုများကို ဝန်ကြီးဌာနကရပ်တည်ပေးနေသလို ဖြစ်နေမည်ကို မိမိစိုးရိမ်မိပါကြောင်း၊ ဒုတိယဝန်ကြီးက ပြန်လည်ပေးအပ်ရန် အခန်းများမရှိတော့ပါကြောင်း ဖြေကြားခဲ့သော်လည်း အချိုးပြောင်း၍ ပြန်လည်ပြင်ဆင် ချုပ်ဆိုရပါသည်ဆိုသော စာချုပ်အရ မူလပိုင်ရှင်များအား ပြန်လည်ပေးအပ်ရမည့် အခန်းများမှာ ပညာရေးဝန်ကြီးဌာနပိုင်အခန်းများသာ ဖြစ်ကြောင်းဖြင့် တရားဝင်ထုတ်ပြန်ထားချက်များလည်း အခိုင်အမာ ရှိနေပါကြောင်းဖြင့် ပြန်လည်ရှင်းလင်း မေးမြန်းခဲ့ပါတယ်။ အဆိုပါမေးမြန်းချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားတဲ့နေရာမှာ ဖြစ်စဉ်အကြောင်းအချက်များကို အသေးစိတ်သိရ၍ ကျေးဇူးတင်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေနဲ့ကန်ထရိုက်တာနှင့် ပြောဆိုညှိနှိုင်း ဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း၊ မြန်မာမြကုမ္ပဏီမှာလည်း လွန်ခဲ့တဲ့(၁၀)နှစ်ခန့်က ဖျက်သိမ်းသွားပြီဖြစ်တဲ့အတွက်ကြောင့် ကုမ္ပဏီလည်း ရှာမရတော့ပါကြောင်း၊ နစ်နာမှုမရှိအောင်ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း စသည်ဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသွားခဲ့ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြပါမေးမြန်းချက်၊ ဖြေကြားချက်များအပေါ်မှာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးကလည်း အောက်ပါအတိုင်း မိန့်ကြားခဲ့ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ သမ္မတရုံးကိုလည်း တင်ပြပြီးတော့ ဦးကျော်ကျော်ဝင်း တို့လည်းပါတာပဲ၊ ပြန်စဉ်းစားဖို့တော့ လိုတာပေါ့။ နောက်တစ်ခုက အချိုးပြောင်းတာနဲ့ စာချုပ်ပါ ပြန်ချုပ်ရတယ်ဆိုတာလည်း သိပ်မဟုတ်ဘူး။ စာချုပ်တစ်ခုက ချုပ်ပြီးသား အချိုးအတိုင်းလုပ်ရမယ်။ ဒါလည်း ရှိတာပေါ့။ ဒါတွေဟာ ပြီးခဲ့တဲ့ဟာတွေလည်းပြီးပါပြီ။ သို့သော်လည်း ကာယကံရှင်တွေမနစ်နာရအောင် အခြားနည်းလမ်းတွေနဲ့ စဉ်းစားဖို့တော့ လိုပါလိမ့်မယ်။ အဲဒီအတိုင်းဆောင်ရွက်ပါဟု ဥက္ကဋ္ဌကြီးက အလေးအနက် မိန့်ကြားလမ်းညွှန်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာမြကုမ္ပဏီမှာ လွန်ခဲ့သည့်(၁၀)နှစ်က ဖျက်သိမ်းသွားပြီဆိုသော်လည်း ရှာမရကြောင်း၊ ဖြေကြားချက်အပေါ် အဆိုပါ ကုမ္ပဏီပိုင်ရှင်မှာ ရန်ကုန်မြို့ပေါ်တွင် အထင်ကရ နေထိုင်လျက်ရှိပါကြောင်း၊ နစ်နာသူများ၏ အသိပေးပြောကြားချက်များကို ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူအဆင့်ဆင့်ကိုလည်း မိမိအနေဖြင့် အသိပေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိ၏ မေးမြန်းချက်၊ ဝန်ကြီးဌာန၏ ပြန်လည်ဖြေကြားချက်နဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၏ မိန့်မှာချက်များမှာ ကာလအချိန်တန်ကြာခဲ့ပြီ ဖြစ်သော်လည်း အောက်ခြေမြေပြင်တွင် နစ်နာသူတို့ အရေးတစ်စုံတစ်ရာ ထူးထူးခြားခြား ဆောင်ရွက်ပေးခြင်း မရှိသေးပါကြောင်း၊ လက်ရှိလွှတ်တော်၊ လက်ရှိအစိုးရ သက်တမ်းကာလအတွင်း ပြီးပြတ်အောင် ဆောင်ရွက်ပေးစေလိုပါကြောင်းဖြင့် သက်ဆိုင်ရာ နစ်နာသူမိသားစုများက မိမိအား အလေးအနက် မေတ္တာရပ်ခံ ထပ်မံတင်ပြလာခဲ့ကြပါတယ်။

သို့ပါ၍ လသာမြို့နယ်၊ ပြည်သူပိုင်သိမ်း အမှတ်(၂)အခြေခံမူလတန်းကျောင်း အဆောက်အအုံ အကျိုးတူဆောက်လုပ်ရာမှာ မူလအခန်းပိုင်ရှင်များအား အကျိုးတူစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အခန်း ပြန်လည်ပေးအပ်ခြင်း မရှိသေးသည့်ကိစ္စနှင့် ပတ်သက်ပြီးတော့ (က) ဆောင်ရွက်ပြီးစီးမှု

အခြေအနေ (ခ) ပြီးပြတ်အောင် ဆောင်ရွက်ပေးမည့်အစီအစဉ် (ဂ) ပြီးပြတ်အောင်ဆောင်ရွက်ပေးမည့် ခန့်မှန်းအချိန်ကာလတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားပေးနိုင်ပါရန် အမှန်တကယ် နစ်နာလျက်ရှိသော မိသားစုများအကျိုး၊ အလားတူကြုံတွေ့နေရသော အများပြည်သူအကျိုးငှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါသည်။ ကျေးဇူးများစွာတင်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၃း၂၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၃။**

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးသန့်ရှင်း က ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနုရဲ့ မေးခွန်းနဲ့ပတ်သက်၍ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါ တယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး၏ ယခု ကြယ်ပွင့်ပြ မေးခွန်းနဲ့ပတ်သက်ပြီး ပထမအကြိမ် ၁၉-၁-၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌လည်း ဖြေကြားထားခဲ့ပြီးဖြစ်ပါတယ်။

လွှတ်တော်အတွင်း ဖြေကြားထားခဲ့ပြီးနောက်ပိုင်း အဆိုပါကိစ္စနဲ့ပတ်သက်ပြီး စိစစ်ဆောင်ရွက် မှုမျိုးများ ဆက်လက်ပြုလုပ်ခဲ့ပါတယ်။ ယင်းဖြစ်စဉ်များသည် ယခုအစိုးရလက်ထက်တွင် ဖြစ်ပွားခဲ့ခြင်း မဟုတ်ဘဲ လွန်ခဲ့သော(၁၀)နှစ်ကျော်ကာလက အဖြစ်အပျက်များသာ ဖြစ်သည်ဆိုသည်မှာ အမှန်တရား ပဲဖြစ်ပါတယ်။ သို့သော် ပညာရေးဝန်ကြီးဌာနအနေဖြင့် ဖြစ်သင့်ဖြစ်ထိုက်သည်များကို အကောင်းဆုံး ဖြစ်စေချင်သည့် စိတ်စေတနာနှင့် ၁၅-၁-၂၀၁၅ ရက်နေ့တွင် အဆိုပါကိစ္စအား အမှတ်(၃)အခြေခံ ပညာဦးစီးဌာနသို့ စိစစ်တင်ပြရန် အကြောင်းကြားခဲ့ပါတယ်။ အမှတ်(၃) အခြေခံပညာဦးစီးဌာနက ၂၆-၁-၂၀၁၅ ရက်နေ့တွင် စိစစ်တင်ပြလာခဲ့ရာ စိစစ်ချက်များအရ အောက်ပါတို့ကို ထပ်မံသိရှိခဲ့ ရပါတယ်။

(က)လွှဲပြောင်းရရှိစဉ် အဆိုပါအဆောက်အဦတွင် နေထိုင်သူများအနက်မှ ဦးထွန်းခင် မိသားစုနှင့် ဦးလှဝေ မိသားစုတို့မှာ ငှားရမ်းနေထိုင်သူများဟု သိရှိခဲ့ရခြင်း၊ ၁၈-၈-၂၀၀၃ ရက်နေ့တွင် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမောင်မောင်ရှိန် ဦးဆောင်၍ မူလနေထိုင်သူများအား ဖယ်ရှားပေးရန် ညှိနှိုင်းခဲ့ပြီး ညှိနှိုင်းမှုအရ မူလနေထိုင်သူများအား အောက်ပါအတိုင်း မဲစနစ်ဖြင့် အခန်းများ နေရာချထားပေးခဲ့ခြင်း၊ (က) ဦးထွန်းခင် (၁၆)လမ်း၊ တိုက်(၈)၊ အခန်း(၄) အေအုပ်စု ယုဇနအိမ်ရာ၊ (၂)ဦးလှဝေ (၁၁)လမ်း၊ တိုက်(၂)၊ အခန်း(၃) အေအုပ်စု ယုဇန အိမ်ရာ၊ (၃) မူထိုင်ဘုရားကျောင်း (၃)လမ်း၊ တိုက်(၂) အခန်း(၃)အေအုပ်စု ယုဇနအိမ်ရာ၊ ဦးရွှေမောင် (၉)လမ်း၊ တိုက်(၃၁) အခန်း(၂၀၁) စီအုပ်စုယုဇနအိမ်ရာ။ ထိုသို့ ပေးခဲ့သော်လည်း ဦးရွှေမောင်

မိသားစုတစ်စုသာလျှင် အစားထိုးပေးခဲ့သော ယုဇနအိမ်ရာသို့ ပြောင်းရွှေ့ခဲ့ပြီး ဦးထွန်းခင် နှင့် ဦးလှဝေ မိသားစုတို့မှာ ပြောင်းရွှေ့မှု မပြုခဲ့ကြောင်းနှင့် အစားထိုးပေးခဲ့သည်ကိုလည်း ၎င်းတို့ကိုယ်တိုင်ကပင် မယူခဲ့ခြင်း၊ ကိုယ်စားလှယ်တော်ကြီးပြောခဲ့သလို အဆိုပါပေးရန် ကျန်(၆)ခန်းမှာ ပညာရေးဌာနပိုင် ဖြစ်သည်ကို အထောက်အထားပြနိုင်ကြောင်းဆိုသည်ကိုစိစစ်ရာ ၂၆-၂-၂၀၁၀ ရက်စွဲဖြင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ထုတ်ပြန်ထားခြင်းဖြစ်သော်လည်း လက်ရှိမြေပြင်တွင် အဆိုပါအခန်း (၆)ခန်းအားလွှဲပြောင်းအပ်နှံထားသည့် ပိုင်ဆိုင်မှုမှတ်တမ်း အထောက်အထားများမရှိသည်ကို တွေ့ရှိရခြင်း၊ မြန်မာမြကုမ္ပဏီ ဖျက်သိမ်းမှ မန်နေဂျင်း ဒါရိုက်တာ တာဝန်ယူခဲ့သူ ဦးအဟုန်က ၂၄-၃-၂၀၁၅ ရက်စွဲဖြင့် အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးထံသို့ ပေးပို့သောစာတွင် ပညာရေးဝန်ကြီးဌာနပိုင်အခန်းများအဖြစ် သတ်မှတ်ကြောင်း အကြောင်းကြားစာရရှိသောအချိန်သည် ၂၀၁၀ ခုနှစ်ဖြစ်ပြီး ၎င်းကုမ္ပဏီမှ ၂၀၀၄ ခုနှစ်ကတည်းက အဆိုပါ(၆)ခန်းကို ရောင်းချထားပြီးဖြစ်သည့်အတွက် အမှတ်(၃) အခြေခံပညာဦးစီးဌာနသို့ လုံးဝလွှဲပြောင်းပေးခဲ့ခြင်း မရှိပါကြောင်း ဆိုထားသည့်အတွက် အဖွဲ့၏အထောက်အထားများ မတွေ့ရခြင်း ဖြစ်ပါတယ်။

မြန်မာမြကုမ္ပဏီသည် အဆောက်အဦသစ်ဆောက်လုပ်ရန် ပုံစံရေးဆွဲစဥ်ကတည်းက စာချုပ်ပါအတိုင်း မူလနေထိုင်သူများကို ပေးနိုင်ရေးအတွက် အခန်းဖွဲ့စည်းပုံအား သီးသန့်လျာထား ရေးဆွဲဆောက်လုပ်ထားသည်ကို တွေ့ရှိခဲ့ရသော်လည်း အချိုးပြောင်းလဲမှုအရ အမှန်တကယ်တွင် ကုမ္ပဏီက မပေးနိုင်တော့သည့် အခြေအနေဖြစ်ပြီး ၎င်းသည်လည်း ကုမ္ပဏီ၏အပိုင်းသာဖြစ်ပါတယ်။ စာချုပ်ပါ သဘောတူညီချက်အရ ဌာနတွင် တာဝန်မရှိသည်မှာ အတိုင်းသား တွေ့မြင်ရမည်ဖြစ်ပါတယ်။ ဌာနအနေနဲ့ အချိုးပြောင်းလဲမှုအရ ရရှိသောအခန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဌာနဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များ လွှဲပြောင်းရရှိရေးနဲ့ လက်ခံထိန်းသိမ်းရေးအဖွဲ့ထံသို့ ၂၂-၇-၂၀၁၉ ရက်နေ့တွင် အဖွဲ့ဖြင့် လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။

သို့ပါသော်လည်း လက်ရှိပညာရေးဝန်ကြီးဌာန အနေဖြင့် အဆိုပါ ကိစ္စရပ်ကို လျစ်လျူရှုထားခြင်း မပြုဘဲ အမှတ်(၃) အခြေခံပညာဦးစီးဌာနသို့ စိစစ်ဆောင်ရွက်ခဲ့ပြီး ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေး ကော်မတီအစည်းဝေးသို့ တင်ပြခဲ့ပါတယ်။၂၄-၄-၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးက မြန်မာမြကုမ္ပဏီသို့ အခန်းအပ်နှံရေး အတွက် စာဖြင့်အကြောင်းကြားရန်နှင့် မပေးပါက တရားစွဲဆိုရေး ဆောင်ရွက်သွားရန်ဟု သဘောတူဆုံးဖြတ်ခဲ့ပါတယ်။ ထိုဆုံးဖြတ်ချက်အရ ၃-၆-၂၀၁၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပညာရေးမှူးရုံးမှ ဦးအဟုန်၊ မန်နေဂျင်းဒါရိုက်တာ မြန်မာမြကုမ္ပဏီလီမိတက်ထံသို့ အပ်နှံရန်ကျန်ရှိသော အထက်ပါအခန်း(၆)ခန်းအား အမြန်ဆုံး ပြန်လည်ပေးအပ်ပေးရန်၊ ဌာနသို့လာရောက် ဆက်သွယ်ပေးရန်၊ အခန်းပြန်လည်အပ်နှံခြင်းမရှိပါက တရားစွဲဆိုဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အကြောင်းကြားထားခဲ့ပြီးဖြစ်ပါတယ်။ အကြောင်းတစ်စုံတရာ ပြန်ကြားလာခြင်း မရှိတဲ့အတွက် ၁၅-၁၂-၂၀၁၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ တာဝန်ရှိသူများက ကြည့်မြင်တိုင်ရဲစခန်းတွင် အမှုဖွင့်ရန် သွားရောက်ခဲ့ပါသော်လည်း ယခုကိစ္စသည် တရားမမှုဖြစ်နေသည့်အတွက် ရဲစခန်းတွင် အမှုဖွင့်၍မရကြောင်း သိရှိခဲ့ရပါတယ်။

ဒါကြောင့် ၁၆-၁၂-၂၀၁၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ အနေဖြင့် တရားမမှုအရ တရားစွဲဆိုနိုင်ရေးအတွက် တိုင်းဒေသကြီး ဥပဒေအရာရှိထံသို့ ထပ်မံသွားရောက်၍ ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ ဥပဒေအရာရှိ၏ အကြံပြုချက်အရ ကုမ္ပဏီနှင့် စာချုပ် ချုပ်ဆိုခဲ့သည့် စာချုပ်(၂)ခုလုံးတွင် နစ်နာသူတို့၏ ပိုင်ဆိုင်ခွင့် လုံးဝမပါရှိကြောင်း၊ ပညာရေးဝန်ကြီးဌာန အနေဖြင့် ရပိုင်ခွင့် အချိုးအတိုင်းရရှိပြီး ဖြစ်၍ ဌာနအနေဖြင့် ဥပဒေကြောင်းအရ တရားစွဲဆို၍ မရကြောင်း နစ်နာသူများ အနေဖြင့် တရားစွဲဆိုလိုပါက နစ်နာသူများဘက်မှသာ ကုမ္ပဏီသို့ တိုက်ရိုက်တရားစွဲဆိုနိုင်ကြောင်း ဥပဒေကြောင်းအရ အကြံပြုခဲ့ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယဝန်ကြီးရဲ့ ဖြေကြားချက်ကို များစွာကျေးဇူးတင်ပါတယ်။ ကျွန်တော်တင်ပြနေသလိုပဲ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်မှာလည်းပဲ အဲဒီ လသာမှာနေတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟာ ဒီကိစ္စမတရားမှုတစ်ရပ်ဖြစ်တယ်ဆိုပြီး လွှတ်တော်မှာ တင်ပြတဲ့အခါမှာ တရားဝင် ပြန်ဖြေကြားချက် အရအဆိုပါ အခန်း(၆)ခန်းကို ကျွန်တော်တို့ ဒီ ကုမ္ပဏီကနေပြီးတော့ မလွဲမသွေအမြန် ပြန်ပေးရမည် ဆိုတဲ့ ဆုံးဖြတ်ဆောင်ရွက်ချက်ရှိကြောင်းကိုလည်း ကျွန်တော့်ထံ အကြောင်းကြားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှာဖွေ၍ မရဘူးဆိုတဲ့ ဒီ ကုမ္ပဏီနဲ့ ကန်ထရိုက်တာတို့ဟာ အမှတ် ၅၉-D ရှင်စောပုလမ်း၊ စမ်းချောင်းမြို့နယ်မှာ အထင်ကရနေထိုင်ပါတယ်။ အထင်ကရနေထိုင်တဲ့အတွက်ကြောင့် ကျွန်တော်နဲ့တကွ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တို့ဟာ ချိတ်ဆက်မိချိန်အခါမှာ ကျွန်တော်တို့ အကြံပြုခဲ့ပါတယ်။ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူများ၊ ပြီးတော့ ကန်ထရိုက်တာ၊ နစ်နာသူတွေနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များတို့က စုပေါင်းအဖြေရှာခြင်းနဲ့ ဒါကိုကတိအတိုင်းဆောင်ရွက်ဖို့ဆိုတဲ့အချက်ကို ကျွန်တော်တို့ အကြံပြုခဲ့ပါတယ်။ သို့သော် ဒီနေ့အထိ ဒီအချက်အလက်ပေါ်ထွန်းလာခြင်း မရှိတဲ့အတွက် ကာယကံရှင်များဘက်မှ ဒီအကြောင်းအချင်းအရာအပေါ်မှာ ယခုအထိ ပြီးဆုံးမယ့်ကိစ္စအဖြစ်နဲ့ မှတ်ယူနေခြင်းမရှိတဲ့အတွက် ပြီးပြီးပျောက်ပျောက် ဆောင်ရွက်သွားဖို့ ကိစ္စမျိုးမဟုတ်ပါကြောင်းကိုလည်း တင်ပြလိုပါတယ်။

အထူးသဖြင့်ကတော့ဖြင့် ဒီ မြန်မာမြေကုမ္ပဏီဟာဖြင့် ပညာရေးဝန်ကြီးဌာနကို ငွေကျပ် (၁၇)သန်း ပေးချေဖို့ အကြွေးတင်နေတဲ့ ကုမ္ပဏီလည်း ဖြစ်ပါတယ်။ အဲဒီကျောင်း အ.မ.က(၂)ကို ဆောက်တဲ့အတွက် နိုင်ငံတော်ကို အကြွေး(၁၇)သန်း ပေးရမယ့် ကျွန်တော်တို့ မှတ်တမ်းဝင်နေတဲ့ ကုမ္ပဏီ ကန်ထရိုက်တာမှာ ဒီလိုပေးဖို့ရှိနေပါတယ်။ အဲဒီအကြွေးပေးဖို့ရှိတာနဲ့ ပတ်သက်ပြီးတော့ နိုင်ငံပိုင်ပစ္စည်းများထုခွဲရောင်းချရေး ကော်မတီမှ တာဝန်ရှိသူများနဲ့ ကျွန်တော်သွားရောက်တွေ့ဆုံဖူးပါတယ်။ တွေ့တဲ့အခါကျတော့ ပညာရေးဝန်ကြီးဌာနရဲ့ အစီရင်ခံချက်အရ ကုမ္ပဏီလည်း ရှာမရကြောင်း၊ ကန်ထရိုက်တာလည်း ရှာမရကြောင်းဆိုတဲ့ မှတ်ချက်ကြောင့် ဒီ (၁၇)သန်းကို လျှော်ပစ်ဖို့အခြေအနေ ရောက်ရှိနေကြောင်းကို ကျွန်တော့်ကိုပြောခဲ့ဖူးပါတယ်။ ဒါကြောင့် ဒီ အခန်းပြန်မရလို့ တစ်ဘက်က အခက်အခဲ မြောက်များစွာနဲ့ တင်ပြနေချိန်မှာ ကုမ္ပဏီဟာ (၁၇)သန်း နိုင်ငံတော်ကို ပေးဆောင်ရမယ်ဆိုတဲ့ မှတ်တမ်းပေါ်နေတဲ့အချက်ကို ပညာရေးဝန်ကြီးဌာနက ဆိုတဲ့အတိုင်း ခုအခါ ဒီ (၁၇)သန်းကို နိုင်ငံကမရဘဲ လျှော်ပဲလျှော်လိုက်သလား။ လူရှာလို့မရလို့၊ ကုမ္ပဏီမရှိတော့လို့ ဒီပုဂ္ဂိုလ်ကတော့ဖြင့် အမှတ် ၅၉-D၊

ရှင်စောပုလမ်း၊ စမ်းချောင်းမှာ အထင်ကရရှိနေကြောင်းကို မရှိပါဘူးဆိုတဲ့ မှတ်ချက်အရ လုပ်နေသလားဆိုတဲ့ ပူပင်သောကကိုလည်း ကျွန်တော်တို့ဆီကို သတင်းပို့ထားတာ ရှိပါတယ်။

ဒါကြောင့် ဒီ အချက်အလက်များသည် ဘယ်လိုပဲ အကြောင်းအချင်းအရာဖြစ်နေစေကာမူ ဥက္ကဋ္ဌကြီးရဲ့ လမ်းညွှန်မိန့်ကြားချက်အရ နစ်နာမှုများကို နစ်နာသူများဘက်မှ တစ်စုံတစ်ခု ပြန်လည်စောင့်ရှောက်ပေးသင့်ပါကြောင်း ထပ်မံတင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးဇူးများစွာ တင်ပါတယ်။

**ချင်းပြည်နယ် မတူပီမြို့နယ် ပါဆင်း(ခ)ရွာမှ ပါဆင်း(က)ရွာသို့သွားသော ဆိုင်ကယ်လမ်းအား ဂျစ်ကားလမ်း အဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၃၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် က ချင်းပြည်နယ် မတူပီမြို့နယ် ပါဆင်း(ခ)ရွာမှ ပါဆင်း(က)ရွာသို့သွားသော ဆိုင်ကယ်လမ်းအား ဂျစ်ကားလမ်း အဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၂။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်လာကြသော ပုဂ္ဂိုလ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော် ချင်းပြည်နယ်၊ အမှတ်(၉)အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင် ဖြစ်ပါတယ်။ ကျွန်တော်က အောက်ပါ မေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ် မတူပီမြို့နယ် ပါဆင်း(ခ)ရွာမှ ပါဆင်း(က)ရွာသို့ သွားသော ဆိုင်ကယ်လမ်း အကွာအဝေး(၈)မိုင်ခန့်အား ဂျစ်ကားလမ်းအဖြစ် ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဒုတိယ ဖြည့်စွက်ရန်ပုံငွေ (သို့မဟုတ်) ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာနှစ်၌ ထည့်သွင်းဖောက်လုပ်ပေးပါရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဖြေကြားချက်**

**အချိန်၊ ၁၃း၃၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၃။**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးတင်ငွေ ဖြစ်ပါတယ်ခင်ဗျား။

ချင်းပြည်နယ် အမှတ်(၉) မဲဆန္ဒနယ်မြေ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်၍ တင်ပြပေးမှာ ဖြစ်ပါတယ်ခင်ဗျား။ ချင်းပြည်နယ် မတူပီမြို့နယ်အတွင်းမှာရှိတဲ့ ပါဆင်း(ခ)မှ ပါဆင်း(က) ကျေးရွာသို့ ဆက်တဲ့ ကျွန်တော်တို့ လမ်းအခြေအနေမှာ အရှည်(၉)မိုင်ရှိပါတယ်။ လူသွားလမ်းလည်း ဖြစ်ပါတယ်။ ကျေးရွာ(၂)ရွာ၊ အိမ်ခြေပေါင်း(၈၈)နဲ့ လူဦးရေပေါင်း(၅၉၄)ဦးကို အကျိုးပြုပါတယ်။ အဆိုပါလမ်းဟာ (၁၈)ပေ မြေသားလမ်းချဲ့မယ်ဆိုရင် ကျွန်တော်တို့(၁၈၉.၇)သန်းခန့် ကုန်ကျမှာဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ချင်းပြည်နယ်၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေအားဖြင့် (၃.၃၁၆) ဘီလီယံ ကျွန်တော်တို့ ခွင့်ပြုထားပါတယ်။ ကတ္တရာလမ်းအနေနဲ့ (၃)ဖာလုံ၊ ကျောက်လမ်းအနေနဲ့ (၅) မိုင်၊ မြေသားလမ်း(၁၆၂)မိုင်၊ သစ်သားတံတား(၂၁၅) ပေနဲ့ ကျွန်တော်တို့ ရေပြွန်ပေ(၂၀)တို့ ဖြစ်ပါတယ်။

မတူပီမြို့နယ်အနေနဲ့ဆိုရင် ယခုဘဏ္ဍာရေးနှစ် ၂၀၁၅-၂၀၁၆ မှာ ခွင့်ပြုထားတဲ့ ရန်ပုံငွေကတော့ ကျွန်တော်တို့ (၁၉၅.၀၃)သန်း၊ မြေသားလမ်း(၁၁)မိုင် ဆောင်ရွက်ခွင့် ပြုထားပါတယ်။ ယခု အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ မတူပီမြို့နယ်အတွင်းမှာရှိတဲ့ ပါဆင်း(ခ) ကျေးရွာကနေပြီးတော့ ပါဆင်း(က)ကျေးရွာ ကျေးရွာချင်းဆက်လမ်းကို ၂၀၁၆-၂၀၁၇ လာမယ့်နှစ် ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ လျာထားပေးထားပါတယ်ခင်ဗျား။ တကယ်လို့ ဘဏ္ဍာရေးခွင့်ပြုချက် ရပြီဆိုရင်တော့ ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။အားလုံး ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီးပေးပို့လာသော ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၃:၃၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက်လည်းကောင်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်အတိုင်းထားရှိရန် သဘောတူလက်ခံ အတည်ပြုထားသဖြင့်လည်းကောင်း ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက တင်ပြမယ့် ပုဂ္ဂိုလ်ရှိပါသလား။

**ဗိုလ်မှူးကြီးခင်စိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှု ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဥပဒေကြမ်းကော်မတီကနေမှ သဘောတူဆုံးဖြတ်ထားတဲ့အတွက်ကြောင့်မို့လို့ အမျိုးသားလွှတ်တော်ကနေ အတည်ပြု ဆုံးဖြတ်ပေးဖို့ တင်ပြအပ်ပါတယ်ခင်ဗျား။ သီးခြားတင်ပြရန် မရှိပါဘူး။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော် က ပြင်ဆင်ချက်ဖြင့် အတည်ပြုထားသည့်-

အခန်း(၁)၊ အပိုဒ် ၂(ဃ)(စ)(ဇ)(ဈ)(ည)(ဋ)(ဌ)(ဍ)(ဎ)(ဏ)(တ)(ထ)(ဒ)(ဓ)(ပ)၊

အခန်း(၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃ ခြေဆင်း၊ အပိုဒ် ၃(က)မှ(ဈ)ထိ၊ အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈၊

အခန်း(၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊

အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂ ခြေဆင်း၊ အပိုဒ် ၁၃ ခြေဆင်း၊ အပိုဒ် ၁၃ (က)(ခ)(ဂ)၊ အပိုဒ် ၁၄ ခြေဆင်း၊ အပိုဒ် ၁၄ (က)(ခ)(ဂ)၊

အခန်း(၅)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆ ခြေဆင်း၊ အပိုဒ် ၁၆ (က)(ခ)(ဂ)(ဃ)(င) (စ)၊ အပိုဒ် ၁၇ ခြေဆင်း၊ အပိုဒ်၁၇(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၁၈(က)(၁)(၂)(၃)(၄)၊ အပိုဒ် ၁၈ (ခ)(၃)၊ အပိုဒ် ၁၉၊

အခန်း(၆)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁၊

အခန်း(၇)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊

အခန်း(၈)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၄ (က)(ခ)(ဂ)၊ အပိုဒ် ၂၅၊

အခန်း(၉)၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇ ခြေဆင်း၊ အပိုဒ် ၂၈ ခြေဆင်း၊ အပိုဒ် ၂၈ (က)(ခ)(ဂ)၊ အပိုဒ် ၂၉၊

အခန်း(၁၀)၊ အပိုဒ် ၃၀ ခြေဆင်း၊ အပိုဒ် ၃၀ (က)(ခ)၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃ ခြေဆင်း၊ အပိုဒ် ၃၃(က)(ခ)(ဂ)၊

အခန်း(၁၁)၊ အပိုဒ် ၃၄ ခြေဆင်း၊ အပိုဒ် ၃၄ (က)(ခ)၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇ ခြေဆင်း၊ အပိုဒ် ၃၇(က)(ခ)(ဂ)(ဃ)(င)(စ)၊ အပိုဒ် ၃၈ (က)(ခ)၊

အခန်း(၁၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀ ခြေဆင်း၊ အပိုဒ် ၄၀ (က)(ခ)(ဂ)(ဃ)(ဇ)(ဈ)(ည)(ဋ)(ဌ)(ဍ)(ပ)(ဏ)(တ)(ထ)(ဒ)(ဓ)(န)၊

အခန်း(၁၃)၊ အပိုဒ် ၄၁ (က)(ခ)(ဃ)၊

အခန်း(၁၄)၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၄ (က)(ခ)၊ အပိုဒ် ၄၅ တို့ကို ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် တင်ပြထားပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောတူ မတူ လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

ပြည်သူ့လွှတ်တော်၏ ပယ်ဖျက်ချက်-

မူလဥပဒေကြမ်း၏ အပိုဒ် ၂(ဇ)၊ အပိုဒ် ၃၊ အပိုဒ် ၄၊ အပိုဒ် ၇၊ အပိုဒ် ၁၄(က)၊ အခန်း (၇) အခန်းခေါင်းစဉ်၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အခန်း(၈) အခန်းခေါင်းစဉ်၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အခန်း (၉)

အခန်းခေါင်းစဉ်၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အခန်း (၁၀) အခန်းခေါင်းစဉ်၊ အပိုဒ် ၃၃ (က)(ခ)(ဂ)၊ အပိုဒ် ၃၄၊ အပိုဒ် ၃၉(ဂ) တို့ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။

ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်-

ပြည်သူ့လွှတ်တော်က မူလဥပဒေကြမ်း၏ ခေါင်းစဉ်၊ အခန်း(၁) အခန်းခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၂ (က)(ခ)(ဂ)(င)(ဆ)(န)နှင့် ပြောင်းလဲအမှတ်စဉ်ထားသည့် အပိုဒ် ၁၂ (က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၁၈ (ခ)(၁)(၂)၊ အပိုဒ် ၂၇(က)(ခ)၊ အပိုဒ် ၄၀(င)(စ)(ဆ)၊ အပိုဒ် ၄၁(ဂ)တို့ကို အဆိုပြု ပြဋ္ဌာန်းချက်အတိုင်း အတည်ပြုရန် တင်ပြထားပါတယ်။

ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည် ဖြစ်သည်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၅)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၆)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၃း၄၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၁၃း၄၀ နာရီအချိန်တွင် ရပ်နားပါသည်။]